## သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း

သဘာဝတောများတွင် အဖိုးတန်သစ်မျိုးများ၏ သဘာဝမျိုးဆက်ခြင်း မလုံလောက်တော့သည့် နေရာများ (ဥပမာ-သစ်ထုတ်ပြီးတောများ၊ မျိုးဆက်ပင်များအား ထိခိုက်ပျက်စီးသည့် နေရာများ Seed bearers များ မရှိတော့သည့်နေရာများ)တွင် မူလတော၏ အနေအထားအား ထိခိုက်မှုမရှိစေဘဲ အဖိုးတန်သစ်မျိုးများအား ဖြည့်စွက်စိုက်ပျိုးခြင်းဖြစ်ပါသည်။ တနည်းအားဖြင့် အဆင့်အတန်း နိမ့်ကျလာသော (သို့မဟုတ်) ပျက်စီးယိုယွင်းလာသော သဘာဝတောများအား အဖိုးတန်သစ်မျိုး ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်စသည့် သစ်မျိုးများဖြင့် ဖြည့်စွက်စိုက်ပျိုးခြင်းဖြင့် တောတန်ဖိုး ပြန်လည်မြှင့်တင်ရန်ဖြစ်ပါသည်။

STANDARD OPERATING PROCEDURE(SOP) on Enrichment Planting

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

သစ်တောဦးစီးဌာန

# သဘာဝတောတန်ဘိုးမြှင့် စိုက်ပျိုးခြင်းဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အဆင့်အလိုက် လိုက်နာလုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများ



၂၀၁၆ ခုနှစ် ၊ မတ်လ

STANDARD OPERATING PROCEDURE(SOP) on Enrichment Planting

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | သဘာဝတောတန်ဖိုးမြင့်စိုက်ခြင်းလုပ်ငန်းအစီအစဉ်ပွါယ် | ၁ | ၁ |
| ၂ | **လုပ်ငန်းစဉ်-၁။** ဆောင်ရွက်ရမည့်နေရာရွေးချယ်ခြင်း | ၁ | ၁ |
| ၃ | **လုပ်ငန်းစဉ်-၂။** ဆောင်ရွက်ရမည့်ဝန်ထမ်းများအား တာဝန်ပေးစုဖွဲ့ခြင်း | ၂ | ၂ |
| ၄ | **လုပ်ငန်းစဉ်-၃။** သဘာဝတော တန်ဖိုးမြင့် စိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း မပြုမီ ကြိုတင် ဆောင်ရွက်ရမည့်လုပ်ငန်းများ | ၂ | ၃ |
| ၅ | **လုပ်ငန်းစဉ်-၄။** သဘာဝတောတန်ဖိုးမြင့် စိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းကမ်းများ | ၂ | ၇ |
| ၆ | **လုပ်ငန်းစဉ်-၅။** လုပ်ငန်းပြီးစီးကြောင်းအစီရင်ခံစာတင်ပြခြင်း | ၇ | ၉ |

# သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အဆင့်အလိုက် လိုက်နာလုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်း

# (Standard Operating Procedure On Enrichment Planting Operation)

**သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း**။ သဘာဝတောများတွင် အဖိုးတန် သစ်မျိုးများ၏ သဘာဝမျိုးဆက်ခြင်း မလုံလောက်တော့သည့်နေရာများ (ဥပမာ-သစ်ထုတ်ပြီးတောများ၊ မျိုးဆက်ပင်များအား ထိခိုက်ပျက်စီးသည့်နေရာများ Seed bearers များ မရှိတော့သည့် နေရာများ)တွင် မူလတော၏ အနေအထားအား ထိခိုက်မှုမရှိစေဘဲ အဖိုးတန်သစ်မျိုးများအား ဖြည့်စွက်စိုက်ပျိုးခြင်းဖြစ်ပါသည်။ တနည်းအားဖြင့် အဆင့်အတန်းနိမ့်ကျလာသော (သို့မဟုတ်) ပျက်စီးယိုယွင်းလာသော သဘာဝတောများအား အဖိုးတန်သစ်မျိုး ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက် စသည့်သစ်မျိုးများဖြင့် ဖြည့်စွက်စိုက်ပျိုးခြင်းဖြင့် တောတန်ဖိုး ပြန်လည်မြှင့်တင်ရန်ဖြစ်ပါသည်။



## လုပ်ငန်းစဉ်-၁။ ဆောင်ရွက်ရမည့် နေရာရွေးချယ်ခြင်း

တောအခြေအနေသည် လွန်ကဲစွာ သစ်ထုတ်ထားသော တောမျိုးဖြစ်ပြီး မျိုးဆက်ခြင်း အခြေအနေ မလုံလောက်သော သို့မဟုတ် စီးပွါးရေးအရ အရေးပါသော သစ်မျိုးများ၏ အမိအပင်များ မရှိတော့သည့် နေရာများတွင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**လုပ်ငန်းစဉ်-၂။ ဆောင်ရွက်ရမည့် ဝန်ထမ်းများအားတာဝန်ပေးစုဖွဲ့ခြင်း၊**

အနိမ့်ဆုံး ပြင်ဦးလွင် သစ်တောကျောင်းဆင်း တောအုပ်အဆင့်နှင့်အထက်ရှိသော သစ်တောဝန်ထမ်းတစ်ဦးဦးအား လုပ်ငန်းတာဝန်ခံအဖြစ် ဝန်ထမ်းအင်အား လုံလောက်စွာ စုဖွဲ့ပေးရမည်။

**လုပ်ငန်းစဉ်-၃။ သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းမပြုမီ ကြိုတင်ဆောင်ရွက်ရမည့်လုပ်ငန်းများ**

(က) မြေဧရိယာတိုင်းတာ၍ နယ်နိမိတ်သတ်မှတ်ခြင်းဆောင်ရွက်ရမည်။

( ခ ) ပျိုးထောင်ရန် ရေလုံလောက်မှု ရှိ/ မရှိနှင့် ပျိုးပင်သယ်ယူမည့် လမ်းကြောင်း အခြေအနေ စစ်ဆေးရမည်။

( ဂ ) သစ်တောစိုက်ခင်းတည်ထောင်သကဲ့သို့ ရွေးချယ်သည့်နေရာအား စိုက်ခင်းပုံစံ- ၁ ဖြင့် ပြုစုတင်ပြ အတည်ပြုချက် ရယူရမည်။

**လုပ်ငန်းစဉ်-၄ ။ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းကမ်းများ၊**

(က) သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်-

(၁) သဘာဝတော အမျိုးအစား၊ တော၏အပင်ပေါက်ရောက်မှုနှင့် ပျံ့နှံ့တည်ရှိမှု အခြေအနေပေါ်မူတည်၍ သဘာဝဝန်းကျင်အား ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်သည့် လိုင်းအလိုက်စိုက်ပျိုးခြင်း (Line Planting) သို့မဟုတ် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း (Group or Gap Planting) နည်းစနစ်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

(၂) စိုက်ပျိုးခြင်းကို ဇွန်လအတွင်း ဆောင်ရွက်ရန်လိုအပ်ပြီး ပေါင်းရှင်းခြင်းကို စိုက်ပျိုးသည့်နှစ်တွင် အနည်းဆုံး(၂)ကြိမ် ဆောင်ရွက်သင့်ပါသည်။

(၃) သဘာဝတော၏ ပေါက်ရောက်မှု ပါဝင်ပင်နှင့် ပျံ့နှံ့တည်ရှိမှုတို့ကို သိရှိမှသာ မျိုးဆက်ခြင်း လုံလောက်မှု ရှိ/ မရှိ အနာဂတ်တောထွက် အခြေအနေကို သိရှိနိုင်မည်ဖြစ်သည့်အတွက် နမူနာကွက်များချ၍ သစ်တောစာရင်းကောက်ယူရပါမည်။ နမူနာကွက်ကောက်ယူရာတွင် ဧက(၁၀၀) လျှင် ဝ.၂၅ ဧက နမူနာကွက် ၁၂ ကွက်နှုန်းဖြင့်ကောက်ယူရန်၊










ရှမ်းပြည်နယ်(လားရှိုး)၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်၊ သစ်တောဦးစီးဌာန၊ မန်လွန်ကြိုးဝိုင်းတောအတွင်း
၂၀၁၆–၂၀၁၇ စုနှစ် သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း (၁၅၀)ဧက တည်နေရာပြမြေပုံ

မြေပုံအမှတ်၊ 93-J/3,4,7,8

စကေး ၊ ၁ လက်မ ႏ ၁ မိုင်




ရှမ်းပြည်နယ်(လားရှိုး)၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်၊ သစ်တောဦးစီးဌာန၊ မန်လွန်ကြိုးဝိုင်းတောအတွင်း
၂၀၁၆–၂၀၁၇ စုနှစ် သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း (၁၅၀)ဧက၏ ပါဝင်ပင်ပြမြေပုံ




ရည်ညွှန်းချက်
ကြိုးဝိုင်းနယ်နိမိတ် -
အကွက်နယ်နိမိတ် -
စိုက်ပျိုးသည့်နေရာ -

၄ လက်မ = ၁ မိုင် စကေး
မြေပုံအမှတ်၊ 93-J/4
ခန့်မှန်းမြေပုံညွှန်း၊ SU-153947





## သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးရန်အတွက် နမူနာကွက်ကောက်ယူခြင်းပုံစံ



(၄) အဆိုပါစာရင်းကောက်ယူမှုမှ ရရှိသော ကိန်းဂဏန်းများအရ အဖိုးတန်သစ်မျိုးများ၏မျိုးဆက်ခြင်း လုံလောက်မှု ရှိ/ မရှိကို လေ့လာ၍ လိုအပ်သော အရေအတွက်အလိုက် တန်ဖိုးမြင့်စိုက်ပျိုးရန် လိုအပ်ပါသည်။

(၅) သဘာဝတောအတွင်းကွက်လပ်ရှိသောဧရိယာ၌သာ ပန္နက်ရိုက်စိုက်ပျိုးရန်ဖြစ်သည်နှင့်အညီ အကွာအဝေးညီ စိုက်ပျိုးရန် မဟုတ်သကဲ့သို့ သဘာဝကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ထင်းရှူးအပင်များအနီးတွင် စိုက်ပျိုးခြင်းကိုလည်း ရှောင်ရှားရမည် ဖြစ်သည်။

(၆) သစ်ပင်ကြီးများ ခုတ်လှဲခြင်းမပြုဘဲ အုပ်မိုးနိုင်မည့် တန်ဖိုးနည်းအပင်များ၊ ခြုံနွယ်များ၊ ပေါင်းပင်များကိုသာ ရှင်းလင်းပြီးစိုက်ပျိုးရန်၊

(၇) ရေ၊ မြေ၊ရာသီဥတုနှင့် တောအမျိုးအစားကိုလိုက်၍ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ထင်းရှူး၊ သင်းဝင်၊ တမလန်း၊ သက်န်း စသည့် ဒေသမျိုးရင်း ရှားပါးသစ်မျိုးများကိုသာ ဖြည့်စွက်စိုက်ပျိုးရန်၊

(၈) အပင်ပေါက်ရောက်မှုနှင့် ပုံနှံ့တည်ရှိမှုကိုမူတည်၍ ပျမ်းမျှတစ်ဧကလျှင် (၇၀) ပင်ခန့် စိုက်ပျိုးရန်၊

(၉) အစေ့၊ ပျိုးပင်၊ ငုတ်တက်တို့ဖြင့် သင့်လျော်သကဲ့သို့စိုက်ပျိုးရန်၊

(၁၀) သစ်ထုတ်ပြီးအကွက်နှင့် လက်ရှိ သစ်ထုတ်နေသော အကွက်များအား ဦးစားပေး စိုက်ပျိုးဆောင်ရွက်ရန်၊

(၁၁) ပေါင်းရှင်းမြေဆွခြင်းလုပ်ငန်းအပါအဝင် လိုအပ်မည့်ပြုစုခြင်းများကို ဆောင်ရွက် ပေးရန်၊

(၁၂) မြေနေရာရွေးချယ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ အတည်ပြုခြင်း၊ စီမံချက်ရေးဆွဲ တင်ပြခြင်း စသည့်လုပ်ငန်းအဆင့်ဆင့်ကို အချိန်မီ ဆောင်ရွက်ရန်၊

(၁၃) လုပ်ငန်းတိုးတက်မှု အခြေအနေ တင်ပြခြင်း၊ ဒီဇင်ဘာလ ရှင်ပင်ရာခိုင်နှုန်း ရေတွက်ခြင်း၊ လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာ (Completion Report) ပေးပို့ခြင်း၊ မြေပုံနှင့် မှတ်တမ်းများထားရှိခြင်း အစရှိသည့် သစ်တောစိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းများကဲ့သို့ ဆောင်ရွက်ရန်၊





၁၄။ ပန္နက်ရိုက်ခြင်း

(က) စတင်သည့်ရက် -

(ခ) ပြီးစီးသည့်ရက် -

၁၅။ စိုက်ပျိုးခြင်း

(က) စတင်သည့်ရက် -

(ခ) ပြီးစီးသည့်ရက် -

၁၆။ ဖာထေးခြင်းလုပ်ငန်း

(က) ဖာထေးသည့်ပျိုးပင်ပေါင်း -

(ခ) စတင်သည့်ရက် -

(ဂ) ပြီးစီးသည့်ရက် -

၁၇။ ပေါင်းသင်ရှင်းလင်းခြင်း

(က) စတင်သည့်ရက် -

(ခ) ပြီးစီးသည့်ရက် -

၁၈။ ဆောင်ရွက်သည့်ဝန်ထမ်းများ

၁၉။ လုပ်သားအင်အား -

၂၀။ ရှင်ပင်ရေတွက်ခြင်း -

၂၁။ မီးကာကွယ်ခြင်း -

၂၂။ သုံးစွဲသည့် ရန်ပုံငွေ -
(အသေးစိတ်စာရင်းပူးတွဲတင်ပြရန်)

၂၃။ အထွေထွေ -

၂၄။ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ -

၂၅။ လုပ်ငန်းတည်နေရာပြမြေပုံ (၁ လက္မ ၁ မိုင်) -

၂၆။ ဧရိယာတွက်ချက်မှု ဇယားပါဝင်သော မြေတိုင်းမြေပုံ -

၂၇။ လုပ်ငန်းဆောင်ရွက်မှုအခြေပြမြေပုံ ( ၄ လက္မ ၁ မိုင် သို့မဟုတ် သင့်လျော်သည့်စကေးဖြင့်) -
(ကွက်လပ်ဖြည့်/လိုင်းအလိုက်စိုက်ပျိုးသည့် ဧရိယာများဖော်ပြရန်)

၆။ စိုက်ပျိုးသည့်သစ်မျိုးနှင့်အပင်အရေအတွက် -
၇။ မြေမျက်နှာသွင်ပြင်နှင့်မြေအမျိုးအစား -
၈။ မူလတောအမျိုးအစားနှင့်သဘာဝပေါက်ပင်
(က) တောအမျိုးအစား -
( ခ ) သစ်မျိုးများ -
( ဂ ) ဝါးအမျိုးအစားများ -
၉။ နမူနာကွက်ကောက်ယူခြင်း -
(သစ်မျိုးအလိုက်၊ လုံးပါတ်အတန်းအစားအလိုက် အပင်အရေအတွက် ဖော်ပြရန်)
၁၀။ တည်နေရာရွေးချယ်ခြင်း၊အတည်ပြုခြင်းနှင့်တိုင်းတာခြင်း
(က) ရွေးချယ်ရသည့်အကြောင်းရင်း -
( ခ ) အတည်ပြုသူ -
( ဂ ) မြေနေရာတိုင်းတာခြင်း
(၁) စတင်ရက် -
(၂) ပြီးစီးရက် -
၁၁။ ပျိုးဥယျာဉ်လုပ်ငန်းများ
(က) စတင်ပျိုးထောင်သည့်နေ့ -
( ခ ) ပြီးစီးသည့်နေ့ -
( ဂ ) စိုက်ပျိုးချိန်ရှိပျမ်းမျှအပင်အမြင့် -
(ဃ) ပလပ်စတစ်အိတ်အရွယ်အစား -
( င ) ပျိုးဥယျာဉ်လုပ်သားအရေအတွက် (ယာယီ) -
၁၂။ လိုင်းဖောက်လုပ်ခြင်း
(က) စတင်သည့်ရက် -
( ခ) ပြီးစီးသည့်ရက် -
၁၃။ ပန္နက်အကွာအဝေး -
(က) လိုင်းအလိုက်စိုက်ပျိုးခြင်း
( ခ) ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း -





(၁၄) လုပ်ငန်းအမှန်ဆောင်ရွက်ရန်နှင့်ငွေကြေးအလွဲသုံးစားမှုမျိုး မဖြစ်အောင် အထူးကြပ်မတ်ဆောင်ရွက်ရန်၊

## (ခ) **လိုင်းအလိုက်စိုက်ပျိုးခြင်း**



**(၁)** လိုင်းများကို မျဉ်းပြိုင်ပြုလျှက် သင့်တော်သော အကွာအဝေးဖြင့် စိုက်ပျိုးခြင်း ဖြစ်ပါသည်။ လိုင်းအလယ်မှ တစ်ဖက် တစ်ချက် ၃' အကွာထိ မလိုလားသော အပင်များနှင့် ပေါင်းပင် ခြုံပင်များ အားလုံး အပြောင်ရှင်းလင်းပြီး ၎င်းမှ လိုင်းတစ်ဖက်တစ်ချက် အဆုံးထိ ရင်စို့ လုံးပတ် ၂' အောက်၊ စီးပွားရေးအရ အရေးမပါသော သစ်မျိုးများအားလုံး ခုတ်လှဲဖယ်ရှားရမည်။

(၂) မူလတောအခြေအနေနှင့် စိုက်ပျိုးမည့် သစ်မျိုးတို့အပေါ် မူတည်၍ လိုင်း၏အကျယ်ကို ဆုံးဖြတ်ရမည်။ပုံမှန်အားဖြင့် ၃၀' မှ၄၀' အကျယ်ထားလေ့ရှိသည်။ လိုင်း၏လားရာကို အရှေ့အနောက်အတိုင်း ဖောက်လုပ်ခြင်းဖြင့် နံဘေးရှိတောကျန်၏ အရိပ်မကျရောက်တော့ဘဲ အလင်းရောင် အပြည့်အဝရရှိမည်။

(၃) ပန္နက်အကွာအဝေးကို ၁၅' - ၂၀' အတွင်း ထားလေ့ရှိပါသည်။ လိုင်းစနစ်ဖြင့် စိုက်ပျိုးရာတွင် မူလတောအခြေအနေ၊ စိုက်ပျိုးမည့် သစ်မျိုး၊ နံဘေးတောကျန်၏ အမြင့်တို့အပေါ်မူတည်၍ လိုင်းအကျယ်ကို ဆုံးဖြတ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

သဘာဝတောတန်ဖိုးမြင့်စိုက်ပျိုးခြင်း(လိုင်းအလိုက်စိုက်ပျိုးခြင်း)




အပြောင်ရှင်းဇရိယာ

အောက်ပေါင်းနှင့် နွယ်များရှင်းလင်းရမည့် ဇရိယာ

မူလတောကျန်

စိုက်ပျိုးပင်





(ဂ) **ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း**



သဘာဝတောအတွင်း ကွက်လပ်များ ဖြစ်ပေါ်နေသော နေရာများတွင် စတုရန်းပုံ သို့မဟုတ် စတုဂံ ပုံသဏ္ဍာန် အတိုင်း ဖြည့်စွက် စိုက်ပျိုးခြင်း ဖြစ်ပါသည်။ ပန္နက် အကွာအဝေးကို မျိုးဆက်ခြင်း လုံလောက်မှုအပေါ် မူတည်၍ ၁၂' - ၁၅' အတွင်းထား၍ ဆောင်ရွက်ရန် ဖြစ်ပါသည်။

**လုပ်ငန်းစဉ်-၅။ လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာတင်ပြခြင်း၊**

(က) လုပ်ငန်းဆောင်ရွက်ပြီးစီးပါက အောက်ပါအချက်အလက်များပါဝင်သော အစီရင်ခံစာကို ရေးသား၍ ဇန်နဝါရီလ ၃၁ ရက်နေ့အရောက် ဦးစီးရုံးချုပ်သို့ တင်ပြအစီရင်ခံရမည်ဖြစ်ပါသည်။

**သဘာဝတောတန်ဖိုးမြင့်စိုက်ပျိုးခြင်းလုပ်ငန်းပြီးစီးကြောင်းအစီရင်ခံစာ**

--------------- တိုင်းဒေသကြီး ၊------------- ခရိုင် ၊------------------ မြို့နယ်။

၁။ လုပ်ငန်းအမျိုးအစား -

၂။ ဆောင်ရွက်သည့်ခုနှစ် -

၃။ တည်နေရာ

(က) ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော -

( ခ ) အကွက်အမှတ် -

၄။ နယ်နိမိတ်

(က) မြောက် -

( ခ ) အရှေ့ -

( ဂ ) တောင် -

(ဃ) အနောက် -

၅။ ဧရိယာဧက -